**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စီမံကိန်းဦးစီးဌာန**

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၅/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၂၂) ရက်

| ၂၂ - ၈ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၃၃၈.၄ |
| စင်္ကာပူဒေါ်လာ | ၁၆၀၅.၈ |
| စတာလင်ပေါင် | ၂၇၅၃.၆ |
| ဂျပန်ယန်း (၁၀၀) | ၁၄၄၁.၀ |
| တရုတ်ယွမ် | ၂၉၄.၁၅ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၃၉ |
| အိန္ဒိယရူပီး | ၂၅.၀၁၃ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၇.၀၇ |
| မလေးရှား ရင်းဂစ် | ၄၇၉.၄၀ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၂၈၀ |
| ထိုင်းဘတ် | ၆၁.၁၂၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၁၃၅ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ၂၀၂၅ ခုနှစ်တွင် သတ္တုနှင့် ဆီအုန်းတို့မှ ကုန်ချောထုတ်လုပ်မှုများ ပိုမိုတိုးတက်လာစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အင်ဒိုနီးရှားနိုင်ငံ

➢ အိန္ဒိယနိုင်ငံသည် သဘာဝရော်ဘာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပြီး ဈေးနှုန်းများ မြင့်တက်လျက်ရှိ

➢ ထိုင်းနိုင်ငံမှ သစ်သီးဝလံတင်သွင်းရန်အတွက် စစ်ဆေးရေးဂိတ်သစ်တစ်ခုကို ယူနန်ပြည်နယ်တွင် ဖွင့်လှစ်ခဲ့

➢ ရုရှားခါတ်မြေဩဇာများ တင်သွင်းမှု အီးယူ တိုးမြင့်ခဲ့

- **အထွေထွေသတင်းများ**

➢ ရုရှားနှင့် တရုတ်အကြား နိုင်ငံတော်သုံးငွေကြေးများဖြင့် ငွေပေးချေမှုဝေစုသည် ၉၀ ရာခိုင်နှုန်းကျော်ရှိ

➢ ရုရှားနိုင်ငံမှ ခါတ်ဆီတင်ပို့မှု တားမြစ်ချက်ကို ယခုနှစ်ကုန်အထိ သက်တမ်းတိုး

➢ ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား FTA စေ့စပ်ညှိနှိုင်းရေးသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိ

➢ ဘင်းမ်စတက်သည် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို မြှင့်တင်ရန်အတွက် ဒေသတွင်းလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ကို အဆင့်အလိုက် ဆောင်ရွက်သွားမည်

➢ တရုတ်နိုင်ငံ၏ ပို့ကုန်များသည် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်များသို့ ပေါင်းစည်းလျက်ရှိ

# ၂၀၂၅ ခုနှစ်တွင် သတ္တုနှင့် ဆီအုန်းတို့မှ ကုန်ချောထုတ်လုပ်မှုများ ပိုမိုတိုးတက်လာစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံသည် ပို့ကုန်တိုးတက်ရေး၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုဖူလုံရေး၊ ဇီဝဒီဇယ် ၃၅ ရာခိုင်နှုန်း (B35)၊ ၄၀ ရာခိုင်နှုန်း (B40) ပါဝင်သည့် ဒီဇယ်ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့အတွက် လာမည့် ၂၀၂၅ ခုနှစ်တွင် သတ္တုနှင့် ဆီအုန်းတို့မှ ကုန်ချောထုတ်လုပ်မှုများ ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်းက သတင်းထုတ်ပြန်ခဲ့ပါသည်။

"သတ္တုနှင့် ဆီအုန်းတို့မှ ကုန်ချောထုတ်လုပ်မှုသည် လာမည့်နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအချက်ဖြစ်လာမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အသေးစားလုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုဖူလုံရေးအတွက် သင့်လျော်သည့်အတိုင်းအတာတွင် စားအုန်းဆီဈေးနှုန်းတည်ငြိမ်ရေး၊ ဇီဝဒီဇယ်အပါအဝင် စားအုန်းဆီကြမ်းနှင့် ဆီအုန်းမှထုတ်လုပ်သည့် ကုန်စည်များ ရရှိသုံးစွဲနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး Sri Mulyani Indrawati က ဂျကာတာမြို့တွင် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့က ပြုလုပ်ခဲ့သည့် State Budget (RAPBN) 2025 ၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုမှာ ၂၀၁၅ ခုနှစ်မှစတင်၍ တိုးတက်လာခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆.၈ ဘီလီယံရရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃.၉ ဘီလီယံအထိ ရရှိခဲ့ပါသည်။ ဇီဝဒီဇယ်ဖြန့်ဖြူးမှုမှာ ၂၀၁၅ ခုနှစ်တွင် ၀.၉၂ သန်း ကီလိုလီတာဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ၂.၂၄ သန်းကီလိုလီတာဖြစ်ပါသည်။ ဇီဝဒီဇယ် ထုတ်လုပ်မှုနှင့်သုံးစွဲမှုသည် အင်ဒိုနီးရှားနိုင်ငံအတွက် ဒီဇယ်တင်သွင်းမှုကို လျှော့ချနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် နိုင်ငံခြားငွေလဲလှယ်မှုမှ ရူပီး ၃.၇ ထရီလီယံသက်သာခဲ့ကာ ၂၀၂၃ ခုနှစ်တွင် ရူပီး ၁၂၁.၅ ထရီလီယံသက်သာခဲ့ပါသည်။ ဇီဝဒီဇယ် မဖြစ်မနေအသုံးပြုသည့်အစီအစဉ်သည် နိုင်ငံခြားငွေလဲလှယ်မှုကို သက်သာစေသည့်အပြင် ကာဗွန်ထုတ်လွှတ်မှုကိုလည်း လျှော့ချနိုင်ခဲ့ပါသည်။

အစိုးရအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် ငွေကြေးမူဝါဒနှင့် နိုင်ငံတော်ဘတ်ဂျက်ကို အသုံးပြုမည်ဖြစ်ပြီး အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်စေရေး၊ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးအတွက် အခွန်ကင်းလွတ်ခွင့်အစီအစဉ်များဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ကြီး Sri Mulyani Indrawati က ယခင်က ပြောကြားထားမှုရှိပါသည်။

Agribusiness & Trade

၂၀၂၅ ခုနှစ်အတွက် အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု၊ တင်ပို့မှု၊ ဈေးနှုန်း တည်ငြိမ်ရေးတို့အတွက် ပံ့ပိုးထောက်ပံ့မှုဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ဆီအုန်းစိုက်ပျိုး ထုတ်လုပ်မှု၊ စားအုန်းဆီတင်သွင်း တင်ပို့မှုများတွင် ချိန်ညှိဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စင်္ကာပူ

ရင်းမြစ်။ Indonesian Palm Oil Association

## အိန္ဒိယနိုင်ငံသည် သဘာဝရော်ဘာ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပြီး ဈေးနှုန်းများ မြင့်တက်လျက်ရှိ

အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာ ပြည်တွင်းထုတ်လုပ်မှုသည် သုံးစွဲမှုလိုအပ်ချက်ထက် တန်ချိန် ၅.၅ သိန်းခန့် လျော့နည်းသဖြင့် သိသိသာသာပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း၊ သဘာဝရော်ဘာထုတ်လုပ်မှုသည် ၂၀၂၂-၂၃ ခုနှစ်တွင် တန်ချိန် ၈.၃၉ သိန်းမှ ၂၀၂၃-၂၄ ခုနှစ်တွင် တန်ချိန် ၈.၅၇ သိန်းအထိ တိုးလာခဲ့သော်လည်း သုံးစွဲမှုမှာ တန်ချိန် ၁၃.၅ သိန်းမှ ၁၄.၁၆ သိန်းအထိတိုးလာသဖြင့် ကြီးမားသောလိုအပ်ချက်ကိုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ဤအခြေအနေတွင် အကောက်ခွန်မြင့်မားမှုကြောင့် တင်သွင်းရာတွင် စိန်ခေါ်မှုများ ဖြစ်ပေါ်နေပြီး ဈေးနှုန်းများမြင့်တက်လာကာ သဘာဝရော်ဘာအပေါ်မှီခိုနေရသည့် စက်မှုလုပ်ငန်းများအတွက် အကျပ်အတည်းများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နေရကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရော်ဘာစက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (All India Rubber Industries Association – AIRIA) ၏ ဥက္ကဋ္ဌ ဖြစ်သူ Shashi Singh က ပြည်တွင်းထုတ်လုပ်မှု မလုံလောက်မှုကြောင့် အိန္ဒိယနိုင်ငံသည် သဘာဝရော်ဘာတင်သွင်းမှုအပေါ် သမိုင်းကြောင်းအရ မှီခိုနေရပါကြောင်း၊ သဘာဝရော်ဘာတင်သွင်းမှုတွင် အခက်အခဲတစ်ခုမှာ အကောက်ခွန် ၂၅ ရာခိုင်နှုန်း (သို့မဟုတ်) တစ်ကီလိုလျှင် ရူပီး ၃၀ မှ များသည့် ပမာဏအား ကောက်ခံခြင်းဖြစ်ကြောင်း၊ အခြားအခက်အခဲတစ်ခုမှာ ရော်ဘာအား ဈေးကွက်အတွင်း ရရှိနိုင်မှုဆိုင်ရာ ကိစ္စရပ်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် တရုတ်က ရော်ဘာအားစုဆောင်းနေပြီး သဘာဝရော်ဘာ တင်ပို့ရောင်းချသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တည်ငြိမ်မှုရှိမနေကြောင်း၊ ယင်းကြောင့် သဘာဝရော်ဘာဈေးနှုန်းမှာ လျင်မြန်စွာမြင့်တက်လာခဲ့ကြောင်း၊ လက်ရှိဈေးနှုန်းသည် ၁၅ နှစ်အတွင်း အမြင့်ဆုံးဖြစ်ပြီး တစ်ကီလိုဂရမ်လျှင် ၂၄၇ ရူပီး ဖြစ်နေကြောင်း၊ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် သဘာဝရော်ဘာ တစ်ကီလိုဂရမ်လျှင် ၁၈၂ ရူပီးသာ ရှိခဲ့သဖြင့် လေးလအတွင်းမှာ နှစ်ဆနီးပါး မြင့်တက်သွားခဲ့ကြောင်း ပြောကြားခဲ့သည်။

သဘာဝရော်ဘာထုတ်လုပ်မှုအတွက် စိန်ခေါ်မှုအခက်အခဲများကို ဆက်လက်ပြောကြားရာတွင် ပြင်းထန်သောမုတ်သုံရာသီကြောင့် အစေးခြစ်သည့်လုပ်ငန်းများ ကျဆင်းခြင်းနှင့် သွင်းကုန်ကျဆင်းခြင်းတို့ကြောင့် သဘာဝရော်ဘာရရှိနိုင်မှုမှာ သေချာမှုမရှိကြောင်း၊ ယင်းကြောင့် သဘာဝရော်ဘာအပေါ်တွင် မှီခိုနေသောစက်မှုလုပ်ငန်းများအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် သဘာဝရော်ဘာ၏ ၇၀ ရာခိုင်နှုန်းခန့်ကို တာယာလုပ်ငန်းမှ အသုံးပြုလျက်ရှိပြီး၊ ကျန် ၃၀ % ကို တာယာမဟုတ်သော ကုမ္ပဏီများ၊ အသေးစားနှင့် အငယ်စားလုပ်ငန်းများက အသုံးပြုလျက်ရှိကြောင်း၊ လက်အိတ်နဲ့ ပူပေါင်းပြုလုပ်ရာတွင် အသုံးပြုသည့် ရော်ဘာစေးတင်သွင်းမှုအတွက် အခွန် ၇၅ % ကောက်ခံသည့်အတွက် ကုန်ကြမ်းပြတ်လပ်မှုရှိနေပါကြောင်း၊ သို့ရာတွင် တင်သွင်းလာသည့် မွေ့ယာ၊ ပူဖောင်းနှင့် ခွဲစိတ်ခန်းသုံးလက်အိတ်များမှာ အခွန် ၁၀ % သာရှိသဖြင့် အဆိုပါကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်မှုထက် ပြည်ပမှတင်သွင်းရန် တွန်းအားပေးနေသကဲ့သို့ဖြစ်နေပါကြောင်း၊ အဆိုပါ ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရော်ဘာစက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(AIRIA)နှင့် မော်တော်ကားတာယာထုတ်လုပ်သူများအသင်း (ATMA) တို့သည် ကုန်ကြမ်းတင်သွင်းမှုအကျပ်အတည်းနှင့် ဆိုင်ရာအကြံပြုချက်အား အစိုးရထံတင်ပြထားပါကြောင်း၊ ယခုအခါ သဘာဝရော်ဘာထုတ်လုပ်မှုအား မြှင့်တင်ရန်အတွက် ဒုတိယအများဆုံးထုတ်လုပ်သည့်ပြည်နယ်များဖြစ်သည့် တြိပူရနှင့် ကီရာလာတို့အပြင် အခြားဒေသများတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း Singh က ပြောကြားထားသည်။

သဘာဝရော်ဘာကို မှီခိုနေသော ပြည်တွင်းစက်မှုလုပ်ငန်းများကို ပံ့ပိုးကူညီရန်အတွက် သွင်းကုန်စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ရေးအတွက်လည်း မျှတသောချဉ်းကပ်မှုများလိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ရော်ဘာသုံးစွဲမှုမြင့်မားလာမှုနှင့်အတူ ပြည်တွင်းဈေးကွက် လိုအပ်ချက်အတွက် ပြည်ပမှ တင်သွင်းရာတွင်ကောက်ခံသည့် အခွန်နှုန်းထားများ လျှော့ပေါ့ပေးမည့် အလားအလာများရှိသဖြင့် မြန်မာနိုင်ငံမှ သဘာဝရော်ဘာများအတွက် ဈေးကွက်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်သောကြောင့် ကြိုတင်၍ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ခြင်းများ ပြုလုပ်ထားသင့်ကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: India facing acute shortage of natural rubber, prices soar, The Economic Times, 16 August 2024.

Agribusiness & Trade

## ထိုင်းနိုင်ငံမှ သစ်သီးဝလံတင်သွင်းရန်အတွက် စစ်ဆေးရေးဂိတ်သစ်တစ်ခုကို ယူနန်ပြည်နယ်တွင် ဖွင့်လှစ်ခဲ့

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် နယ်စပ်ရှိ မဲခေါင်မြစ်ပေါ်တွင် တည်ရှိသည့် Guanlei Port ၌ စစ်ဆေးရေးဂိတ်သစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် (၅)ရက်နေ့က ကျင်းပခဲ့ကြောင်း၊ အဆိုပါဆိပ်ကမ်းသည် ယူနန်ပြည်နယ်၌ သစ်သီးတင်သွင်းရန်အတွက် သတ်မှတ်ထားသော (၁၁)ခုမြောက် စစ်ဆေးရေးဂိတ်ဖြစ်လာပြီး အရှေ့တောင်အာရှမှ သစ်သီးတင်ပို့မှုများအတွက် ရေလမ်းသစ်ကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဖွင့်ပွဲအခမ်းအနားပြီးနောက် မွန်းလွဲပိုင်းတွင် Xishuangbanna Jinggu Agricultural Development Company မှ ပထမအကြိမ် တင်သွင်းလာသော ဒူးရင်းသီးနှင့် အခြားသစ်သီးဝလံများကို Guanlei ဆိပ်ကမ်း၌ အကောက်ခွန်ရှင်းလင်းရေး အောင်မြင်စွာဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုင်းနိုင်ငံ၊ Chiang Saen ဆိပ်ကမ်းမှ ဩဂုတ် (၃)ရက်နေ့တွင် မြစ်ကြောင်းဖြင့် တင်ပို့သည့် သစ်သီးများသည် Guanlei Port သို့ နှစ်ရက်အတွင်း ရောက်ရှိခဲ့ကြောင်း၊ ထိုလမ်းကြောင်းသစ်သည် ထိုင်းနိုင်ငံနှင့် အခြားအရှေ့တောင်အာရှနိုင်ငံများမှ သစ်သီးတင်သွင်းမှုများအတွက် အချိန်နှင့် ကုန်စရိတ်များကို သိသိသာသာလျှော့ချရန် ရည်ရွယ်ပြီး တင်သွင်းလာသော သစ်သီးဝလံများသည် တရုတ်ဈေးကွက်သို့ အချိန်တိုအတွင်း ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆိပ်ကမ်း၌ ကုန်ပစ္စည်းစစ်ဆေးခြင်း၊ အကောက်ခွန်ရှင်းလင်းခြင်း (သို့မဟုတ်) အခြားလိုအပ်သည့်လုပ်ငန်းစဉ်တစ်ခုကို စောင့်ဆိုင်းနေချိန်တွင် တင်သွင်းလာသော သစ်သီးဝလံများကို ယာယီသိမ်းဆည်းနိုင်သည့် အအေးခန်းများ ပါဝင်ကြောင်း၊ ပြင်ပဧရိယာတွင် အအေးခန်းသိုလှောင်ရုံများနှင့် ပေ (၂၀)နှင့် ပေ (၄၀) အအေးခန်းကွန်တိန်နာများထားရှိနိုင်သော အားသွင်းရုံ (၂၅)ခု တပ်ဆင်ထားကြောင်း၊ ထို့အပြင် အဆိုပါနေရာသည် တန်(၅၀၀)ဆံ့ ကုန်တင်သင်္ဘောများ ဆိုက်ကပ်နိုင်ရန် လိုအပ်သည့်အထောက်အကူပြုပစ္စည်းများလည်း ပါဝင်ကြောင်း သိရှိရပါသည်။

ကုမ္ပဏီများသည် မကြာသေးမီက ဒူးရင်းသီး၊ သရက်သီး၊ ဖရဲသီးနှင့် ငှက်ပျောသီးစသည့် သစ်သီးတန်ချိန်(၂၀,၀၀၀)ခန့်အတွက် အကောက်ခွန်အာဏာပိုင်များထံ လျှောက်လွှာများတင်သွင်းခဲ့ကြကြောင်း၊ Guanlei ဆိပ်ကမ်းမှတစ်ဆင့် တင်သွင်းသည့် သစ်သီးဝလံပမာဏသည် ၂၀၂၅ ခုနှစ်တွင် တန်ချိန် (၁၅၀,၀၀၀)အထိ ရောက်ရှိမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် (၃၀၀,၀၀၀)အထိ မြင့်တက်လာမည်ဟု သက်ဆိုင်ရာဌာနများက ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://www.producereport.com/article/new-river-checkpoint-thai-fruit-imports-opens-yunnan

## ရုရှားဓာတ်မြေသြဇာများ တင်သွင်းမှု အီးယူ တိုးမြှင့်ခဲ့

ရုရှားနိုင်ငံမှ ဓာတ်မြေသြဇာများကို သုံးလကြာဝယ်ယူမှု ကျဆင်းပြီးနောက်၊ ဥရောပသမဂ္ဂ (EU)သည် ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ၎င်းတို့၏ တင်သွင်းမှုကို ၁၅ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။

အီးယူသည် မတ်လမှ မေလအထိ ရုရှားမှ ဓာတ်မြေသြဇာများဝယ်ယူမှုကို လျှော့ချခဲ့ပြီး ဇွန်လတွင် လစဉ်ဝယ်ယူမှုထက် ၁၅ ရာခိုင်နှုန်းတိုးလာကာ တန်ချိန်အားဖြင့် ၂၃၉,၀၀၀ တန်မှ ၂၇၅,၀၀၀ တန်အထိ တိုးမြှင့်ခဲ့သည်။ တန်ဖိုးအားဖြင့် ဓာတ်မြေသြဇာများ တင်သွင်းမှုသည် ယူရို ၉၀.၁ သန်းအထိ တိုးလာခဲ့သည်။

ရုရှားဓာတ်မြေသြဇာများကို အဓိကဝယ်ယူသူမှာ ပိုလန်နိုင်ငံဖြစ်ပြီး တင်သွင်းမှုသည် ၁၄.၂ ရာခိုင်နှုန်းတိုးလာခဲ့ကာ တန်ချိန် ၈၂,၂၀၀ အထိရှိခဲ့သည်။ ဒုတိယအများဆုံး တင်သွင်းသူမှာ ဂျာမနီနိုင်ငံဖြစ်ပြီး တစ်လအတွင်း ၄.၁ ဆ တိုးလာခဲ့ကာ တန်ချိန် ၅၅,၉၀၀ အထိရှိခဲ့သည်။ ဘယ်လ်ဂျီယံနိုင်ငံသည် တတိယအများဆုံးတင်သွင်းသူဖြစ်ပြီး တန်ချိန် ၃၃,၂၀၀ အထိရှိခဲ့သည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် အီးယူသည် ရုရှားမှ ဓာတ်မြေသြဇာများကို ယူရို ၇၃၉.၇ သန်းဖိုးတင်သွင်းခဲ့ပြီး ယင်းသည် ယခင်နှစ်အလားတူကာလထက် လေးပုံတစ်ပုံပိုများခဲ့သည်။ ရုပ်ပိုင်းဆိုင်ရာအရ ရုရှားဓာတ်မြေသြဇာ ဝယ်ယူမှုသည် ၁.၅ ဆ တိုးလာပြီး တန်ချိန်အားဖြင့် ၂.၂ သန်းအထိရှိခဲ့သည်။

ရုရှားနိုင်ငံမှ ဓာတ်သတ္တုမြေသြဇာများ တင်သွင်းမှုတိုးလာရခြင်း အကြောင်းအရင်းနှစ်ခုရှိနိုင်ပြီး ပထမတစ်ခုမှာ အီးယူနိုင်ငံများရှိ ဓာတုစက်ရုံများသည် ဇွန်လတွင် ပြန်လည်ပြုပြင်ရန် ရပ်ဆိုင်းခဲ့ခြင်းနှင့် ဒုတိယတစ်ခုမှာ ရုရှားဓာတုပစ္စည်းများ၏ ဈေးနှုန်းများသည် ဥရောပထုတ်ကုန်များနှင့် နှိုင်းယှဉ်ပါက ပိုမိုဆွဲဆောင်မှုရှိခြင်းတို့ဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို
Source : https://ria.ru/20240819/evrosoyuz-1967182132.html

..........................................................................................................

## ရုရှားနှင့် တရုတ်အကြား နိုင်ငံတော်သုံးငွေကြေးများဖြင့် ငွေပေးချေမှုဝေစုသည် ၉၀ ရာခိုင်နှုန်းကျော်ရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နိုင်ငံတော်သုံးငွေကြေးများဖြစ်သည့် ယွမ်နှင့် ရူဘယ်များဖြင့် ငွေပေးချေမှုဝေစုသည် ၉၀ ရာခိုင်နှုန်းကျော်ရှိကြောင်း မော်စကိုဦ

ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် ရုရှား-တရုတ်ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ရုရှားဘဏ္ဍာရေးဝန်ကြီး Mr. Anton Siluanov က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ မေလတွင် မော်စကိုစတော့အိတ်ချိန်း၌ တရုတ်အမျိုးသားသုံး ယွမ်ငွေ၏ ဝေစုသည် ၅၄ ရာခိုင်နှုန်းရှိပြီး ယွမ်သည် ငွေလဲလှယ်ရောင်းဝယ်ရေးတွင် အဓိကငွေကြေး ဖြစ်လာခဲ့ကြောင်း၊ ရုရှားသည် ကုန်သွယ်ရေးစီးဆင်းမှုများကို အရှေ့ဘက်သို့ဦးတည်စေပြီး ငွေပေးချေမှုငွေကြေးကို ရူဘယ်၊ ယွမ်နှင့် မိတ်ဆွေနိုင်ငံများ၏ အခြားငွေကြေးများသို့ ပြောင်းလဲခဲ့ကြောင်း ရုရှားဗဟိုဘဏ်က ပြောကြားခဲ့သည်။

တရုတ်နှင့် ရုရှားကြား ကုန်သွယ်မှုပမာဏမှာ တိုးတက်လျက်ရှိပြီး ရုရှားသည် တရုတ်သို့ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ သစ်နှင့် ပိုတက်ရှ်ဓာတ်မြေဩဇာများ အများဆုံးတင်သွင်းသူ ဖြစ်လာခဲ့ကြောင်း၊ တရုတ်နှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU) အကြား ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများဖြေလျှော့မှုနှင့် ရိုးရှင်းလွယ်ကူမှုဆိုင်ရာ ကိစ္စရပ်များကို လေ့လာပြီးစီးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုများ ကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ သဘောတူညီချက် အဆင့်မြှင့်တင်ရေးညှိနှိုင်းမှုများတွင် အပြုသဘောဆောင်သော တိုးတက်မှုများရရှိခဲ့ကြောင်း ရုရှား-တရုတ် ကော်မရှင်အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. He Lifeng က ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)မှ ထုတ်ပြန်ခဲ့သောအချက်အလက်များအရ တရုတ်သို့ ရုရှားရေနံစိမ်းတင်သွင်းမှုသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ၃.၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး တန်ချိန် ၆၂.၅၇ သန်းအထိရှိကာ တန်ဖိုးအားဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၇.၃၄ ဘီလီယံအထိရှိကြောင်း၊ ဇူလိုင်လတွင် တရုတ်နိုင်ငံသည် ရုရှားရေနံစိမ်းတန်ချိန် ၇.၄၅ သန်းကို ဝယ်ယူတင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.rbc.ru/rbcfreenews/66c2eb979a79476d04eec4d6
https://ria.ru/20240820/kitaj-1967249762.html

## ရုရှားနိုင်ငံမှ ဓာတ်ဆီတင်ပို့မှု တားမြစ်ချက်ကို ယခုနှစ်ကုန်အထိ သက်တမ်းတိုး

ရုရှားအစိုးရသည် ရုရှားနိုင်ငံမှ ဓာတ်ဆီတင်ပို့မှု တားမြစ်ချက်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းတိုးခဲ့ကြောင်း သိရှိရသည်။ ရာသီအလိုက်ဝယ်လိုအားများ ဆက်လက်တည်ရှိနေသည့်ကာလအတွင်း လောင်စာဆီဈေးကွက်တွင် တည်ငြိမ်သောအခြေအနေကို ထိန်းသိမ်းရန်နှင့်

Agribusiness & Trade

ရေနံသန့်စင်စက်ရုံများတွင် စီစဉ်ထားသော ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် ယင်းဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ကြောင်း အစိုးရအဖွဲ့မှ ပြောကြားခဲ့သည်။

ယင်းတားမြစ်ချက်သည် ရုရှားမှ ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU) အဖွဲ့ဝင်နိုင်ငံများနှင့် အစိုးရချင်းသဘောတူညီချက်ဖြင့် အခြားပြည်ပနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတွက် တင်ပို့သည့် လောင်စာဆီများအပေါ် အကျုံးဝင်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။

ဩဂုတ်လ ၉ ရက်အထိ ရုရှားစွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ရုရှားနိုင်ငံသည် ဓာတ်ဆီအရန်တန်ချိန် ၂.၀၃ သန်း သိုလှောင်ထားပြီး ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချမှုသည် ယခင်နှစ်ထက် ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်တည်ငြိမ်စေရန် ရုရှားအစိုးရသည် ဓာတ်ဆီတင်ပို့မှုတားမြစ်ချက်ကို ကျင့်သုံးလျက်ရှိသဖြင့် အဆိုပါကန့်သတ်ချက်ကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း ကျွမ်းကျင်သူများမှ သုံးသပ်ထားပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို
Source : https://tass.ru/ekonomika/21601005

## ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား FTA စေ့စပ်ညှိနှိုင်းရေးသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိ

ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)နှင့် အာရပ်စော်ဘွားများပြည်ထောင်စု(UAE)၊ အင်ဒိုနီးရှားနှင့် အီဂျစ်နိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်မှုဇုန်ဆိုင်ရာ သဘောတူညီချက်များ ပြီးစီးလုနီးပါးဖြစ်နေပြီဟု ရုရှားစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး Mr. Anton Alikhanov က ပြောကြားခဲ့သည်။

လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များ(Free Trade Agreements– FTA)သည် EAEU နှင့် နိုင်ငံခြားမိတ်ဖက်များ ဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အဓိကထိရောက်သော ယန္တရားတစ်ခုဖြစ်ကြောင်း၊ FTA ကြောင့် ဗီယက်နမ်၊ ဆားဘီးယား၊ အီရန်တို့နှင့် ရုရှားနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏကို သိသိသာသာတိုးတက်လာစေခဲ့ကြောင်း၊ လက်ရှိတွင် UAE၊ အင်ဒိုနီးရှား၊ အီဂျစ်နိုင်ငံတို့နှင့် FTA ညှိနှိုင်းမှုအဆင့်သည် ပြီးစီးလုနီးပါးအဆင့်တွင် ရှိနေကြောင်း ရုရှားစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

EAEU နှင့် အင်ဒိုနီးရှားနိုင်ငံတို့ကြား FTA စေ့စပ်ညှိနှိုင်းရေးသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပြီး ပဥ္စမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင်လကုန်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လက်ရှိတွင် အဆိုပါသဘောတူညီချက်မူကြမ်းပါ စာသားများကို သက်ဆိုင်ရာနိုင်ငံများက အပြီးသတ်လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

EAEU သည် ရုရှား၊ အာမေးနီးယား၊ ဘီလာရုစ်၊ ကာဇက်စတန်နှင့် ကာဂျစ္စတန်နိုင်ငံ (၅)နိုင်ငံတို့၏ နက်ရှိုင်းစွာပေါင်းစပ်ထားသော ဒေသတွင်းစီးပွားရေးအသင်းအဖွဲ့တစ်ခုဖြစ်သည်။ EAEU အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ အရင်းအနှီးနှင့် လုပ်သားအင်အားများ လွတ်လပ်စွာရွှေ့ပြောင်းသွားလာခွင့်ရှိပြီး စီးပွားရေး၏ အဓိကကဏ္ဍများတွင် ဘုံစည်းမျဉ်းမူဝါဒကို ကျင့်သုံးလျက်ရှိသည်။

လက်ရှိတွင် EAEU သည် FTA ညှိနှိုင်းဆွေးနွေးမှုများကို UAE၊ အင်ဒိုနီးရှား၊ အီဂျစ်တို့အပြင် မွန်ဂိုလီးယား၊ အိန္ဒိယနိုင်ငံတို့နှင့်လည်း ကျင်းပပြုလုပ်လျက်ရှိပြီး ယခုနှစ်ကုန်ခန့်တွင် မွန်ဂိုလီးယားနိုင်ငံနှင့် လက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ထားကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : [https://ria.ru/20240820/peregovory-1967231873.html](https://ria.ru/20240820/peregovory-1967231873.html)
[https://tass.ru/ekonomika/21617921](https://tass.ru/ekonomika/21617921)

…………………………………………………………………………………………

## ဘင်းမ်စတက်သည် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို မြှင့်တင်ရန်အတွက် ဒေသတွင်းလွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ကို အဆင့်အလိုက် ဆောင်ရွက်သွားမည်

အိန္ဒိယ စက်မှုလက်မှုလုပ်ငန်းအဖွဲ့ချုပ် (CII) ၏ ဘင်းမ်စတက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပေါ်လေ့လာမှုအရ ဘင်းမ်စတက်သည် ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်ဖန်တီးမှု၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုများနှင့် ဝန်ဆောင်မှုများကို ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော်ရန်နှင့် မြှင့်တင်ဆောင်ရွက်နိုင်စေရန်အတွက် ဒေသတွင်းလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

CII ၏ လေ့လာမှုစာတမ်းကို ပြီးခဲ့သည့်တစ်ပတ်က ပြုလုပ်ခဲ့သည့် ဘင်းမ်စတက်စီးပွားရေးထိပ်သီးဆွေးနွေးပွဲတွင်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး တိုးတက်မှုနှင့်ဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ရာတွင် ပါဝင်သူများအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအပါအဝင် စီးပွားရေး

လုပ်ငန်းများအတွက် နယ်စပ်ဖြတ်ကျော် လိုအပ်သောချိတ်ဆက်မှုများကို ဖော်ဆောင်ရန်နှင့် ခံနိုင်ရည်ရှိသောထောက်ပံ့ရေးကွင်းဆက်များ တည်ထောင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ဘင်းမ်စတက်အဖွဲ့ကို ရှေ့ဆက်ရန်အကြံပြုချက်များတွင် ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်ဖန်တီးမှု၊ နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ဝန်ဆောင်မှုများနှင့် ဒေသတွင်းစီးပွားရေး ထိတွေ့ဆက်ဆံမှုကို နက်နက်ရှိုင်းရှိုင်းဖြစ်စေရန်အတွက် ကဏ္ဍအလိုက် မိတ်ဖက်ဆောင်ရွက်ခြင်းများကို ပိုမိုမြန်ဆန်စွာအကောင်အထည်ဖော်ရန်နှင့် အဆင့်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကဏ္ဍအများစုတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်း၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို လွယ်ကူစေခြင်းဖြင့် တိုးတက်စေခြင်း၊ သက်ဆိုင်ရာအကောက်ခွန်အေဂျင်စီအားလုံးကို အလိုအလျောက်စနစ်နှင့် တစ်စုတစ်စည်းတည်းစနစ်တစ်ခုအဖြစ်ပေါင်းစပ်ခြင်းနှင့် အငြင်းပွားမှုဖြေရှင်းရေးအတွက် အုပ်ချုပ်မှုစနစ်များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အလုပ်သမား၊ မူပိုင်ခွင့်နှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကိစ္စရပ်များအပါအဝင် အဖွဲ့ဝင်များအကြား ပိုမိုအဆင်ပြေသော စီးပွားရေးရာပတ်ဝန်းကျင်ကို မြှင့်တင်ဆောင်ရွက်ရန်တို့ကို အကြံပြုထားပါသည်။

ထို့ပြင် အောက်ပါ အချက်များကိုလည်း အကြံပြုထားကြောင်း သိရှိရပါသည်-

(က) စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်း မဟာဓာတ်အားလိုင်းတစ်ခုအား စုပေါင်းဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးသည့် ရန်ပုံငွေတစ်ခုတည်ထောင်ခြင်းနှင့် စီးပွားဖြစ်နှင့်မြို့ပြအသုံးပြုရန်အတွက် သဘာဝပတ်ဝန်းကျင်အားထိခိုက်မှုမရှိသည့် ဟိုက်ဒရိုဂျင် (Green Hydrogen) ကို သုတေသနပြုလုပ်ရန်၊

(ခ) ဒေသတွင်းနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုကို ကျယ်ကျယ်ပြန့်ပြန့်စောင့်ကြည့်ရန်နှင့် လူဦးရေနှင့်ခုခံနိုင်မှုအားနည်းသော မျိုးစိတ်များအတွက် ရာသီဥတုပြောင်းလဲမှု၏ သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများမှ ကာကွယ်ရန်အတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု စောင့်ကြည့်ရေးစင်တာတည်ဆောက်ရန်နှင့် ကမ်းရိုးတန်းဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ စစ်တမ်းကောက်ယူရန်၊

(ဂ) ဘင်းမ်စတက်နိုင်ငံများအကြား သဘာဝအားသာချက်များနှင့် ရာသီဥတုနှင့် ကိုက်ညီသည့် စိုက်ပျိုးရေးဇုန်များကို အခြေခံ၍ အဆင့်မြင့် လယ်ယာသုံးကိရိယာများ မျှဝေပေးနိုင်မည့် စိုက်ပျိုးရေးနည်းပညာလွှဲပြောင်းပေးရေး သဘောတူညီချက်ကို ဖော်ဆောင်ရန်၊

Agribusiness & Trade

(ဃ) အဖွဲ့ဝင်နိုင်ငံများအကြား ဘုံဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ သဘောတူညီချက်များရေးထိုးခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံစုံအပြန်အလှန်ဖလှယ်မှုများ အပါအဝင် BIMSTEC နိုင်ငံများအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊

( င ) ဇီဝနည်းပညာ၊ နာနိုနည်းပညာနှင့် ဆေးဝါးနည်းပညာ စသည့် နယ်ပယ်များ တစ်လျှောက် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် မျှဝေသုံးစွဲမှုကို မြှင့်တင်ရန်အတွက် BIMSTEC Technology Transfer Facility (TTF) ကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊

(စ) ဘင်းမ်စတက် သယ်ယူပို့ဆောင်ရေးချိတ်ဆက်မှုဆိုင်ရာ မဟာစီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်ရန်အတွက် BIMSTEC Transport Connectivity Working Group (BTCWG) ကို အမြန်ဆုံးဖော်ဆောင်ရန်၊

(ဆ) ပိုမိုကြီးမားသောစက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများနှင့် ပူးတွဲပရောဂျက်များနှင့်အတူ အလုပ်အကိုင်နှင့်ဝင်ငွေတိုးမြှင့်ရရှိရေးဆိုင်ရာ သိသာထင်ရှားသည့်အကျိုးကျေးဇူးများရရှိရန်အတွက် ဘင်းမ်စတက်ဒေသနှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် တိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ၎င်းတို့၏ကြိုးပမ်းမှုများကို အရှိန်မြှင့်ဆောင်ရွက်ရန်။

သို့ဖြစ်ပါ၍ ဘင်းမ်းစတက် စီးပွားရေးထိပ်သီးဆွေးနွေးပွဲကာလအတွင်း အိန္ဒိယနိုင်ငံ စက်မှုလက်မှုအဖွဲ့ချုပ်မှ လေ့လာတင်ပြထားသည့် စာတမ်းပါ အကြံပြုချက်များအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: BIMSTEC can finalise regional FTA in phases to promote investment & jobs, The Economic Times, 12 August 2024.

........................................................................................................

## တရုတ်နိုင်ငံ၏ ပို့ကုန်များသည် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်များသို့ ပေါင်းစည်းလျက်ရှိ

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာပြီး ကုန်သွယ်ရေးတင်းမာမှုများ ပြင်းထန်လာချိန်တွင် တရုတ်နိုင်ငံ၏ ပို့ကုန်များသည် ကမ္ဘာတစ်ဝန်းမှ အာရုံစိုက်မှုကို ရရှိလျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်

တွင် တရုတ်နိုင်ငံ၏ စုစုပေါင်းပို့ကုန်သည် ယွမ်(၁၇.၂၄)ထရီလီယံ (အမေရိကန်ဒေါ်လာ ၂.၄၁ ထရီလီယံ) ရှိခဲ့ရာမှ မကြာသေးမီနှစ်များအတွင်း ယွမ် (၂၃.၇၇)ထရီလီယံအထိ တိုးလာခဲ့ကြောင်း၊ တင်ပို့သည့်နိုင်ငံများနှင့် ထုတ်ကုန်နှစ်ခုစလုံးတွင် သိသာထင်ရှားစွာ တိုးတက်ပြောင်းလဲလာခဲ့ကြောင်း chinadaily.com.cn ၌ ဖော်ပြထားပါသည်။

၂၀၁၆ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ တရုတ်နိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ယွမ်(၂.၅၄)ထရီလီယံရှိခဲ့ရာမှ ယခင်သမ္မတ Donald Trump လက်ထက် ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သော ကုန်သွယ်ရေးသဘောထားကွဲလွဲမှုများ ရှိနေသော်လည်း ၂၀၂၂ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုသည် ယွမ် (၃.၈၇)ထရီလီယံအထိ တိုးလာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ယွမ် (၃.၅၂) ထရီလီယံသို့ အနည်းငယ်ပြန်လည်ကျဆင်းသွားခဲ့သော်လည်း ၂၀၁၆ ခုနှစ်ထက် (၁.၃)ဆအထိ မြင့်မားနေဆဲဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ အမေရိကန်သို့ တရုတ်၏ ပို့ကုန်သည် ယွမ်(၁.၃၉) ထရီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် (၃.၆)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရှိရ ပါသည်။

အမေရိကန်နိုင်ငံ၌ ငွေကြေးဖောင်းပွမှု မြင့်တက်နေချိန်တွင် ကုန်ကျစရိတ်သက်သာသော တရုတ်ထုတ်ကုန်များသည် အမေရိကန်အိမ်ထောင်စုများ၏ လူနေမှုစရိတ်များကို လျှော့ချပေးပြီး ၎င်းတို့၏ ဝယ်ယူနိုင်စွမ်းအားကို မြှင့်တင်ပေးကာ အထူးသဖြင့် အလယ်အလတ်နှင့် ဝင်ငွေနည်းသော အိမ်ထောင်စုများကို အကျိုးပြုခဲ့ကြောင်း၊ ဤအချက်သည် အမေရိကန်သို့ တရုတ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှု တိုးမြင့်လာစေရန် တွန်းအားပေးခဲ့ကြောင်း သိရှိရပါသည်။

ထို့အတူ တရုတ်နိုင်ငံမှ အာဆီယံနိုင်ငံများ၊ မက္ကဆီကို၊ အာရှအလယ်ပိုင်းနှင့် အာရပ်နိုင်ငံများစသည့် ဈေးကွက်များသို့ တင်ပို့မှုမှာ အားကောင်းလာခဲ့ကြောင်း၊ အာဆီယံသည် ယခုအခါ တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်လာ၍ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပို့ကုန်သည် ယွမ် (၃.၇၁) ထရီလီယံအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ပိုမိုတိုးတက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံမှ အာရှအလယ်ပိုင်းသို့ ပို့ကုန်တင်ပို့မှုသည် ယခုနှစ်အတွင်း စုစုပေါင်း ယွမ်(၄၃၆.၇၁)ဘီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် (၅၃.၇၇)ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အာရပ်နိုင်ငံများသို့ တင်ပို့မှုပမာဏသည် ယွမ် (၁.၂၈)ထရီလီယံရှိပြီး ယခင်နှစ်ကထက် (၁၁.၇၂)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သို့ တင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် (၉.၈၇) ရာခိုင်နှုန်းနှင့် (၁၉.၉) ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအထိ အဆိုပါဒေသများသို့ ပို့ကုန်တင်ပို့မှု ဆက်တိုက်မြင့်တက်ခဲ့ကြောင်း၊ အာဆီယံသို့ ပို့ကုန်စုစုပေါင်း ယွမ်(၁.၆၈)ထရီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် (၁၃.၅) ရာခိုင်နှုန်း တိုးလာခဲ့ပြီး လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ တင်ပို့မှု သိသိသာသာ တိုးလာခဲ့ကြောင်း၊ အာရှအလယ်ပိုင်းသို့ တင်ပို့မှုပမာဏသည် ယွမ်(၁၇၉.၂၂)ဘီလီ ယံရှိပြီး

Agribusiness & Trade

တစ်နှစ်ထက်တစ်နှစ် (၂၀.၃၆)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အာရပ်နိုင်ငံများသို့ တင်ပို့မှုပမာဏမှာ ယွမ်(၅၈၁.၉၃)ဘီလီယံဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် (၁၄.၇၉)ရာခိုင်နှုန်းတိုးတက်ကာ ယူအေအီးသို့ တင်ပို့မှု (၁၈.၈၂)ရာခိုင်နှုန်းနှင့် ဆော်ဒီအာရေဗျသို့ တင်ပို့မှု (၁၅.၂၈)ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ပို့ကုန်တင်ပို့သည့်နိုင်ငံများ ပိုမိုများပြားလာသကဲ့သို့ တရုတ်နိုင်ငံ၏ ပြည်ပသို့ ရောင်းချသည့်ကုန်ပစ္စည်းအမျိုးအစားများလည်း များပြားလာကြောင်း၊ လွန်ခဲ့သည့်နှစ်အနည်းငယ်က အဝတ်အထည်၊ ပရိဘောဂနှင့်အိမ်သုံးပစ္စည်းများသာ အဓိကတင်ပို့ခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် လျှပ်စစ်ခရီးသည်တင်ယာဉ်များ၊ လစ်သီယမ်-အိုင်းယွန်းဘက်ထရီများနှင့် ဆိုလာပြားများ တင်ပို့မှုသည် စုစုပေါင်းယွမ်(၁.၀၆)ထရီလီယံရှိပြီး (၂၉.၉)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုမရှိသော စွမ်းအင်ဆိုင်ရာထုတ်ကုန်များ မြင့်တက်လာခြင်းသည် ဒေသအသီးသီးနှင့် ကုန်သွယ်မှုကို အားပေးရုံသာမက ပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ ကာဗွန်နည်းသောထုတ်လုပ်မှုဆီသို့ ဦးတည်သည့် ကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရှိရပါသည်။

ပုဂ္ဂလိကနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် တရုတ်နိုင်ငံ၏ ပို့ကုန်အတွက် အဓိကသော့ချက်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားကုန်သွယ်မှုဆောင်ရွက်သည့် လုပ်ငန်းအရေအတွက်သည် ပုဂ္ဂလိကလုပ်ငန်း (၅၅၆,၀၀၀) အပါအဝင် (၆၀၀,၀၀၀) ကျော်ရှိခဲ့ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများ၏ ပို့ကုန်သည် ယွမ်(၁၄.၇၄)ထရီလီယံရှိပြီး စုစုပေါင်းပို့ကုန်တန်ဖိုး၏ (၆၂) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများသည် ယွမ်(၆.၇၈)ထရီလီယံ တင်ပို့ခဲ့ပြီး တစ်နိုင်ငံလုံး စုစုပေါင်းပို့ကုန်၏ (၂၈.၅)ရာခိုင်နှုန်းရှိကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် (၂၁,၇၆၄)ခုတည်ထောင်ခဲ့ရာ ယင်းလုပ်ငန်းအရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် (၁၇.၄) ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ၎င်း၏ ပို့ကုန်ဖွဲ့စည်းပုံအား ပြုပြင်ပြောင်းလဲနေပြီး နိုင်ငံခြားကုမ္ပဏီများသည် တရုတ်ပြည်တွင်းရှိ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာများကို ပြန်လည်ပုံဖော်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုသည် မိုဘိုင်းလ်ဖုန်းများ၊ ကွန်ပျူတာများနှင့် အိမ်သုံးပစ္စည်းများဆီမှ မျက်နှာပြင်အသစ်များနှင့် စွမ်းဆောင်ရည်မြင့် ဘက်ထရီများကဲ့သို့သော နည်းပညာမြင့် ထုတ်ကုန်များဆီသို့ ကူးပြောင်းလျက်ရှိကြောင်း၊ ထူးခြားသည်မှာ နိုင်ငံခြားကုမ္ပဏီများသည် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးလာလျက်ရှိကြောင်း သိရှိရပါသည်။

ဥပမာအားဖြင့် BMW Group သည် ယခင်နှစ်က ၎င်း၏ လျှောင်နင်ပြည်နယ်အခြေစိုက် Shenyang ၌ စွမ်းအင်သစ်မော်တော်ယာဉ်ထုတ်လုပ်မှုအတွက် ယွမ်(၂၀) ဘီလီယံ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူနိုင်ငံစုံ ဇီဝဆေးဝါးကုမ္ပဏီ AstraZeneca သည်

Agribusiness & Trade

ကျန်းစူးပြည်နယ် Wuxi ရှိ ဆေးထုတ်လုပ်သည့်စက်ရုံသစ်တွင် အမေရိကန်ဒေါ်လာ (၄၇၅)သန်း ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ကုန်ထုတ်လုပ်မှုကဏ္ဍသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ယွမ် (၁၁၇.၁)ဘီလီယံကို ဆွဲဆောင်နိုင်ခဲ့ပြီး ၎င်းတို့အနက် နည်းပညာမြင့် ကုန်ထုတ်လုပ်မှုသည် ယွမ်(၅၀.၄၁)ဘီလီယံရှိကာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက စုစုပေါင်းရင်းနှီး မြှုပ်နှံမှုတွင် ယွမ်(၂.၇)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ဤပြောင်းလဲမှုများသည် NEV ကဲ့သို့သော ထွန်းသစ်စနယ်ပယ်များတွင် တရုတ်နိုင်ငံ၏ ခိုင်မာသောစက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များကို ထင်ဟပ်စေပြီး နိုင်ငံ၏စက်မှုဖွဲ့စည်းပုံတွင် ဘက်စုံအဆင့်မြှင့်တင်မှုကို မီးမောင်းထိုးပြထားကြောင်း သိရှိရပါသည်။

ရှုပ်ထွေးသော ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေများရှိနေသော်လည်း ကမ္ဘာတစ်ဝန်းတွင် တရုတ်ကုမ္ပဏီများသည် ပိုမိုကျယ်ပြန့်သော ကမ္ဘာ့ဈေးကွက်များသို့ ဝင်ရောက်ရန် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ကဏ္ဍစုံ၌ တရုတ်နိုင်ငံ၏ ပြင်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းသည် ယွမ်(၉၈၅.၃၇)ဘီလီယံနီးပါးရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ယွမ်ငွေ (၁)ထရီလီယံကို ကျော်လွန်ကာ တစ်နှစ်ထက်တစ်နှစ် (၅.၇)ရာခိုင်နှုန်း တိုးလာကြောင်း၊ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်များကို ဖန်တီးပေးသည့် အရှေ့တောင်အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတို့တွင် အဓိကရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း၊ ဇန်နဝါရီလမှ မေလအထိ တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစုစုပေါင်းသည် ယွမ် (၄၉၇.၈၅)ဘီလီယံ အထိရှိပြီး တစ်နှစ်ထက်တစ်နှစ် (၁၃.၂၀)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်ကုမ္ပဏီများသည် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေးကွင်းဆက်များတွင် ထဲထဲဝင်ဝင်ပါဝင်လာပြီး ကုန်ကြမ်းနှင့် အစိတ်အပိုင်းများထုတ်လုပ်၍ ကမ္ဘာ့အရင်းအမြစ်ဈေးကွက်သို့ ပေါင်းစည်းကာ နိုင်ငံစုံကော်ပိုရေးရှင်းများအဖြစ်သို့ ပြောင်းလဲလျက်ရှိကြောင်း၊ အခြားနိုင်ငံများသို့ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို ယူဆောင်လာခြင်းဖြင့် တရုတ်ကုမ္ပဏီများသည် အဆိုပါနိုင်ငံ၏ ပြည်တွင်းလုပ်ငန်းစုများကို အဆင့်မြှင့်တင်ပေးပြီး စွမ်းဆောင်ရည်မြှင့်တင်ရန် ကူညီပေးခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ပို့ကုန်တိုးတက်မှုသည် ကမ္ဘာ့စီးပွားရေးအတွက် တွန်းအားဖြစ်ပြီး ငွေကြေးဖောင်းပွမှု၊ ဆင်းရဲမွဲတေမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုအပါအဝင် အဓိကစိန်ခေါ်မှုများကို ဖြေရှင်းပေးလျက်ရှိကြောင်း၊ COVID-19 ကပ်ရောဂါပြီးနောက် ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်တက်လာပြီး United Nations Development Programme ၏ 2023 Global Multidimensional Poverty Index အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းတွင် ခန့်မှန်းခြေ လူဦးရေ (၁) ဘီလီယံခန့်သည် ဘက်ပေါင်းစုံ၌ ဆင်းရဲမွဲတေလျက်ရှိပြီး ထက်ဝက်မှာ ကလေးငယ်များဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်

မှစတင်၍ အလွန်အမင်းဆင်းရဲနွမ်းပါးမှုနှုန်းသည် ၁၉၉၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် တိုးလာခဲ့ကြောင်း၊ ဆင်းရဲနွမ်းပါးသူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရန်အတွက် ကုန်ကျစရိတ်သက်သာသော ထုတ်ကုန်များ ပိုမိုလိုအပ်ကြောင်း သိရှိရပါသည်။

ထို့အပြင် ၁၈၅၀ ခုနှစ်နောက်ပိုင်းတွင် ၂၀၂၃ ခုနှစ်သည် ကမ္ဘာ့ပျမ်းမျှအပူချိန်အမြင့်ဆုံးအဖြစ် မှတ်တမ်းတင်ခဲ့ပြီး ကမ္ဘာကြီးပူနွေးလာမှုသည် အရှိန်မြှင့်တက်လာခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ဟာရီကိန်းမုန်တိုင်းများနှင့် မိုးသီးမိုးသီးများကဲ့သို့သော ပြင်းထန်သော ရာသီဥတုဖြစ်ရပ်များ မကြာခဏဖြစ်လာကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန် ပေါင်းစပ်ကုန်သွယ်မှုစနစ်တစ်ခု ထူထောင်ရန် လိုအပ်ကြောင်း၊ ထိုသို့သောစနစ်သည် ထိရောက်သောပေါင်းစည်းမှုကို လွယ်ကူချောမွေ့စေပြီး ချို့တဲ့သူများအတွက် အကျိုးဖြစ်ထွန်းစေကာ ပတ်ဝန်းကျင်ထိခိုက်မှုမရှိသော၊ ကာဗွန်နည်းသော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://www.chinadaily.com.cn/a/202408/19/WS66c2a375a31060630b923bb2.html

………………………………………………………………………………………………